ကဲ တရားထိုင်တယ်။ တရားထိုင်တယ်။ စင်စစ်က သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ဣရိယာပထ လေးပါး လို့ ဟော မဟော။ ဟောတယ်နော်။ သို့သော် တရားထိုင်တာ အဓိကလား ခန္ဓာသိဖို့ အဓိက။ စင်္ကြံ သွားတာ အဓိကလား ခန္ဓာသိဖို့ အဓိက။ ရပ်တာ အဓိကလား ခန္ဓာသိဖို့ အဓိက။ လျောင်းတာ အဓိကလား ခန္ဓာသိဖို့ အဓိက။ ခန္ဓာသိမှ သက္ကာယဒိဋ္ဌိ ပြုတ်မှာ။ စဉ်းစားဖို့ မကောင်းလား။ ခန္ဓာမသိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါမလား။ အဲဒါ ခန္ဓာသိအောင်လို့ လေ့လာရတယ်။ ဒါကြောင့်မို့လို့ တရားလေ့လာ ။ စဉ်းစားကြ။ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်။

<u>သုပ္ပဗုဒ္ဓ ကုဋ္ဌိနူနာ</u>

ဒါကြောင့် ရှေးထက်ကျော်ကာရီက မိုးကုတ်ဆရာတော်ဘုရား ဟောတယ်။ သုပ္ပဗုဒ္ဓ ကုဋ္ဌိနူနာကြီး (ဥဒါနပါဠိ-၁၃၄။ဋ္ဌ-၂၅၉) ။ ထမင်းတောင်း လာတာ ရာဇဂြိုဟ် မြို့ ရာဇဂြိုဟ်ပြည်။ တရားနာ ပရိသတ် က လေးသောင်း။ တရားဟောစကာစ ဖြစ်တော့ အားလုံး တရားပွဲပြီးမှ ထမင်းတောင်းမယ် ဆိုပြီး တော့မှ သူ့ကို ရွံမှာ စိုးလို့ ဆယ်တောင်ကွာလောက် ဆယ့်ငါးပေကွာလောက်က ထိုင်ပြီးတော့မှ တရား နာတယ်။ တရားပွဲ ဆုံးသွားတဲ့ အခါ သုပ္ပဗုဒ္ဓကြီး သောတာပန်တည်သွားတော့တာ။ တရားနာ ပရိသတ် လေးသောင်းဟာ တစ်ယောက်မှ သောတာပန် မတည်ဘူး။ အဲဒီမှာ သူဌေးတွေ ပါတယ်။ ကြားလား။ မှူးကြီးမတ်ရာ သေနာပတိတွေ ပါတယ်။ စစ်သည် ဗိုလ်ပါတွေ ပါတယ်။ ဘုရား ဒကာ ကျောင်းဒကာတွေပါတယ်။ တစ်ယောက်မှ သောတာပန် မတည်ဘူး။

ဘာကြောင့်လဲ။ မြတ်စွာဘုရား ရူပကာယ အဆင်း အဲဒါကို ကြည့်ပြီးတော့မှ အဆင်းပေါ်မှာ သာယာ နှစ်သက်နေကြတာ။ အလွန် လှတာကိုးကွဲ့။ တရားကို မရောက် အလှမှာ သောင်တင်နေတာ။ ဟောတဲ့ အသံကလည်း အတု အတူမရှိ ။ အသံကလည်း အင်မတန်ကောင်း။ အသံပေါ်မှာ သောင်တင်တယ်။ သာယာနေတယ်။ အဆင်းပေါ်မှာ သာယာတယ်။ ခန္ဓာကို ဉာဏ် မရောက်ဘူး။ ရောက်ကဲ့လား။ အဲ စဉ်းစား။ စာလိုတော့ အလွန် သပ္ပာယ်တာပေါ့။ အရပ်သုံးတော့ အင်မတန် လှတယ်။ အသံ အင်မတန် ကောင်းတယ် မပြောရဘူးလား။

ကဲ နောက်တရားပွဲ ပြီးသွား နောက်တစ်ပုဒ်တစ်ဂါထာ ဟောပါဦး ဘုရားလို့ တရား မတောင်းရ ဘူး လား။ ဇေတဝန် ကျောင်းတော်မှာ လူပရိသတ်၊ နတ်ပရိသတ်တွေ ရောက်နေပြီ တဲ့။ ဟော စနေထောင့်က ထမင်းတောင်းလာတဲ့ သုပ္ပဗုဒ္ဓကြီး ဆီမှာ တရား တောင်းကြ။ ဘုရားက ညွှန်ကြား တယ်။ အေးလေ သုပ္ပဗုဒ္ဓ ဘယ်တုန်းကလည်း တရားဟောတာ မကြားမိပါဘူး။ အခု တရားပွဲမှာများ တရား ပေါက်သွားသလား။ မစဉ်းစားဘူးလား။ ဘုရားကတော့ မဟုတ်တာတော့ မပြောကောင်း တန်ရာပေါ့နော်။ အဲဒါ သုပ္ပဗုဒ္ဓ ဆီမှာ သွားပြီးတော့ တောင်းတယ်။ တောင်းတဲ့ အခါ သူ လက်ခံတယ်

ကြားလား။ ကဲ တရားဟောပလ္လင် ခုံပေါ်ကို ကြွ၊ တရားဟောပလ္လင်ပေါ် တက်သွားတယ်။ မျက်နှာတွေက လည်း နူလို့ ရွဲလို့။ ကိုယ်ကောင် တွေကလည်း နူလို့ ရွဲလို့။ တရားနာပရိသတ်တွေ သူ့ကို ကြည့်မည့်သူ တစ်ယောက်မှ မရှိဘူး။ တရားနာတာ ပထဝီကသိုဏ်း ရှုသလို မျက်လွှာချ ပြီးတော့ တရားနာကြတယ်။

ဟောတဲ့ အသံကလည်း ရုပ်တစ်လုံး၊ နာမ်တစ်လုံးကို ဟောလိုက်တာဟာ တောက်တဲ့ လှည်းနင်း သလို အသံက ကောင်းရဲ့လား။ အသံကလည်း မကောင်းတော့ အသံ ပေါ်မှာလည်း နားထောင်မည့် သူ မရှိ။ ရုပ်ဆင်းကလည်း ကြည့်လို့ မကောင်း။ ခန္ဓာဘက်ကို ညဏ်လှည့်။ တရားပွဲ ဆုံးသွားတဲ့ အခါ ပရိသတ် လေးသောင်း အကုန် သောတာပန် တည်တာ ဗျား ။ အားရပါးရ ကွာ။ ဘုရားဟောတုန်းက မတည်ဘူးဟေ့။ စဉ်းစားဖို့ မကောင်းလား။ အေး လေ့လာကြကွဲ့။ အဲ စဉ်းစားဖို့ ကောင်းတယ်နော်။ ဘယ်လောက်များ ထင်ရှားသလဲ ကြားလား။ အဲဒါ ရတနာ အစစ် ကိန်းသွားတာ သိစေချင်တယ်။

အဲဒါနဲ့ ကဲ ငါလည်း မြတ်စွာဘုရား ကျောင်းတော်ကို လိုက်မယ်ဆိုပြီးတော့မှ သွားတော့တာ။ သုပ္ပဗုဒ္ဓကြီး လမ်းခရီးက နေပြီးတော့မှ သိကြားမင်းက ဟေ့ သုပ္ပဗုဒ္ဓ နေဦး။ ငါပြောတာ နားထောင်။ ငါပြောတာ နားထောင်လို့ ရှိရင်အခု မင်းရောဂါတွေ အခု ပျောက်အောင် ကုပေးမယ်။ အခု ပျောက် အောင် ကုပေးမယ်။ မင်း တစ်သက် စား လို့မကုန်နိုင်အာင် ပေးမယ်။ ပြောသာ ပြောပါ။ နားထောင် သင့်ရင် ထောင်မယ်၊ မထောင်သင့်ရင် မထောင်ဘူး ပြောပါတဲ့ ။ မြတ်စွာဘုရားကို ဘုရား မဟုတ် ဘူး။ တရားတော်ကို တရားမဟုတ်ဘူး။ သံဃာတော်ကို သံဃာ မဟုတ်ဘူး လို့ ပြော။ ငါ အနာတွေ ပျောက်အောင် ကုပေးမယ်။ မင်း တစ်သက်စားလို့မကုန် အောင်ပေးမယ်။

မော့ ကြည့်တယ်။ သုပ္ပဗုဒ္ဓက။ အသင် ဘယ်သူလဲ။ ငါ သိကြားမင်း။ အင် သိကြားမွဲပါကား ။ အသင့် စကား ငါ နားမထောင်ဘူး တဲ့။ သိကြားမွဲတဲ့။ အသင်မှာ ဘုရားရတနာ မရှိဘူးတဲ့။ တရား ရတနာမရှိ။ သံဃာ ရတနာမရှိဘူးတဲ့။ အသင့်မှာ ရှိတဲ့ ရတနာတွေက မီးလည်း လောင်နိုင်တယ်တဲ့။ ရေလည်း ဖျက်ဆီးနိုင်တယ်။ အစိုးရလည်း သိမ်းနိုင်တယ်တဲ့။ သူခိုးလည်း ခိုးနိုင်တယ်တဲ့။ အသင့် စကား ငါ နားမထောင်ဘူးတဲ့။ ကြားလား။ ကဲ ရတနာ အစစ် ကိန်းတာ။

ပုထုဇဉ် စိတ်နဲ့ ပြန်စဉ်းစားစမ်း။ ဘုန်းကြီးသာ ဆိုရင်တော့ နားထောင်မှာ။ ရောဂါ ပျောက်ချင် တယ်ကွဲ့။ တစ်သက်လုံး စားလို့ မကုန်အောင် ပေးမှာ။ ဘာကြောင့်လဲ။ ရတနာ အစစ် မကိန်းလို့။ အစစ် ကိန်းတဲ့လူက လဲနိုင်ပါ့မလား။ မလဲနိုင်ဘူးကွဲ့။ သူ့ အနာ ဒိဘဝတော့ နာတော့မှာပေါ့နော်။ ကဲ အစစ် ကိန်းသွားပြီ ကြားလား။ အဲလို လေ့လာဖို့ မကောင်းလား။ အဲ ချမ်းသာ အစစ်ကို ရသွားပြီဗျား။ ချမ်းသာ အစစ်ကို ရပြီ။ စဉ်းစားဖို့ မကောင်းလား။ ကဲ သစ္စာ သိတော့ ချမ်းသာတာပေါ့။ အကျိုး

အပြစ်တွေကို လေ့လာတယ်။ သူ အခု ဖြစ်နေတဲ့ ရောဂါဝေဒနာ တွေဟာ အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာ။ သြော် အကြောင်း အကျိုးတွေ သိတဲ့အခါကျတော့ ဒေါသ ဖြစ်သေးရဲ့လား။ လောဘကကား ဖြစ်သေးရဲ့လား။ အဲဒီ အသိကို လိုတာကွဲ့။

သည်းခံခြင်း မြတ်တယ် (ရဟန်း နှစ်ပါး)

အခုကတော့ မိမိကနေပြီးတော့ ရှုးကနဲ ရှဲကနဲ ဟာ မခံနိုင်ဘူးဟေ့။ မဟုတ်တာ ပြောတာ မခံနိုင်ဘူး။ မလာဘူးလား။ ဟုတ်တာ ပြောလည်း မခံနိုင်ဘူး။ အမ် သူတော်ကောင်းတို့ မည်သည်မှာ ဟုတ်တာကို ပြောတာကိုး တဲ့။ စိတ်ဆိုးစရာ မလိုဘူးတဲ့ ။ မဟုတ်တာ ပြောတော့လည်း မဟုတ်ပါ့ မဟုတ်ဘဲနဲ့ တဲ့။ စိတ်ဆိုးစရာ မလိုဘူးတဲ့။ ကဲ စိတ်ဆိုးစရာ မလိုဘူးတဲ့ဗျား။ မင်္ဂလသုတ် တရားထဲမှာ ခန္တီ ပရမံ တပေါ သည်းခံခြင်း မြတ်တယ်လို့ တွေ့ဖူးကြရဲ့လား။ မင်္ဂလသုတ်ထဲမှာလေ။ မင်္ဂလသုတ်ထဲမှာ ကွဲ့။ အဲဒီ မင်္ဂလသုတ် စာထဲမှာ ကိုယ့် ခန္ဓာ ထဲကို ထည့်ဖို့ လိုတာ။ အခုတော့ စာအုပ်ထဲမှာ နေတာ။ ဒီကို မရောက်ဘူးကွဲ့။ ဒီကို မရောက်တော့ ငါ မခံနိုင်ဘူး လာတော့တာ။ ဒီကို ရောက်ရင် သည်းခံနိုင်မှာပေါ့။ အဲသလို ယူပြီးတော့ လေ့လာဖို့ မကောင်းလား။

အဲတော့ ရဟန်း နှစ်ပါး ခရီးသွားတဲ့ အခါမှာ တစ်ပါးက ဆယ်ဝါလောက် ကြီးတယ်။ ဆယ်နှစ်လောက် ကြီးတယ်။ သွားတဲ့ သွားတဲ့ နေရာ ဌာနတွေမှာ ည အိပ်တဲ့ အခါ အတူ အရှေ့ကို ခေါင်းပြု။ ရဟန်းငယ် အိပ်ပျော်တဲ့ အခါ ကြီးတဲ့ ပုဂ္ဂိုလ်က သူ့ခြေရင်းမှာ သွား သွား အိပ်တယ်။ ထတဲ့ အခါ နင်းမိတယ်။ ဆဲတော့တာ။ ဆိုတော့တာ။ ကြားလား။ အသက်ကြီး မှန်း မသိ ဝါကြီးမှန်း မသိ ဘယ်လိုဟာလဲ ခဏ ခဏ။ အဲလိုပဲ ကြိမ်ဖန်များစွာ အပြောအဆို ကိုးရိုးကားရား အပြုခံရတော့ကာ မနေနိုင်လို့ ဘုရားကို သွားလျှောက်တာ ။ ရဟန်းက ကြားလား။ ငါ့ရှင် သည်းခံပါတဲ့။ သည်းခံပါတဲ့။ ငါ ဘုရား မဖြစ်ခင် နှစ၌တုန်းက အဲဒီ ပုဂ္ဂိုလ် နဲ့ ငါ အတူတူ နေခဲ့တယ်တဲ့။ အဲဒီ အကျင့်ဟာ မပျောက်ဘူးတဲ့။ ကြားလား။ အတူနေခဲ့တယ်တဲ့။ ငါ ဘုရား မဖြစ်ခင်က တစ်ခွန်းမှ ငါ ပြန် မပြောခဲ့ ဘူး တဲ့။ ကဲ သည်းခံတာ ကြည့် ။

ခန္တီ ပရမံ တပေါ သည်းခံခြင်း မြတ်တယ်လို့ မဟောဘူးလား။ အခုတော့ သည်းခံက စာထဲမှာကွဲ့။ ကိုယ့်ဆီကို မရောက်။ မရောက်တော့ ပြန် ပြန် ပြောတော့တာ။ စဉ်းစားဖို့ မကောင်းလား ဟေ့။ အဲ လေ့လာဖို့ မကောင်းဘူးလား။ ကဲ ဘုရားဖြစ်တယ်ဆိုတဲ့ ကိစ္စတွေဟာ သည်းခံမှုကြောင့် ဘုရား ဖြစ်တာဗျား။ စဉ်းစားဖို့ မကောင်းလား။ အခုတော့ မဟုတ်တော့ မခံနိုင်ဘူးကွဲ့။ မလာဘူးလား။ ဟုတ်ရင်လည်း မခံနိုင်ဘူးကွဲ့။ အမ် ဒါကြောင့် ရှေးပညာရှိတွေ ဖက်ပေါ် ဆူးကျတော့ ဖက်ပဲ ပေါက်တယ်။ ဆူးပေါ် ဖက်ကျလည်း ဖက်ပဲ ပေါက်တယ်တဲ့။ ပုထုဇဉ်က ဘယ်ဖက်ကမှ မရဘူးဟ။

စဉ်းစားဖို့ မကောင်းလား။ အဲလို လေ့လာဖို့ လိုတယ်။ ဒါတော့ ကြားဖူးမှ နား၀ ၊ နား၀မှ တရားရတာ။ အဲလို စိစစ်ဖို့ မကောင်းလား။ လေ့လာ။ ဒါကြောင့် မြင်ရာ ကြားရာ နံရာ လျက်ရာ ထိရာ သိရာမှာ နာမ်နှင့်ရုပ်က လွဲလို့ တွေ့သေးရဲ့လား။ မတွေ့ဘူးနော်။ ဖြန့်လိုက်ရင် ခန္ဓာ ငါးပါး ။ ချုံ့လိုက်ရင် နာမ်နှင့်ရုပ်။ ကဲ ထိထိမိမိ စိစစ်ဖို့ မကောင်းလား။

<u>စိတ်ဆိုးစရာ မပါတာ ဘယ်လိုလုပ် သိမလဲ။</u>

တစ်ဦး တစ်ယောက်ကနေပြီးတော့ အသရေပျက် အရှက်ကွဲ လောက်အောင် ပြော။ ဟေ့ သူခိုးမသား ဟေ့ သူခိုးမသား အဲဒါ တရား သိတဲ့ ပုဂ္ဂိုလ် နဲ့ မသိတဲ့ ပုဂ္ဂိုလ် ။ မသိတဲ့ ပုဂ္ဂိုလ် ကတော့ ငါ့ကို ဒီလို ပြောရမလား လို့ ဒေါသစိတ်တွေ မဖြစ်ဘူးလား။ ဖြစ်တယ်။ သိတဲ့ ပုဂ္ဂိုလ်က ကြားရင် သတိလို့ မပြောဘူးလား။ သတိပြုတဲ့ အခါကျတော့ သူခိုးလား အသံလား။ သူခိုးမသားလား အသံလား။ အသံလို့ ကြား နလုံးသွင်း မမှန်ဘူးလား။ သူခိုးမသား လို့ ကြားတော့ကာ နလုံးသွင်း မမှားလား။ နလုံးသွင်း မှားလို့ ဒေါသစိတ် ဖြစ်တာ။ အသံ ရူပက္ခန္ဓာ။ အဲဒီ အသံထဲမှာ စိတ်ဆိုးစရာ ပါရဲ့လား။ မပါဘူးကွဲ့နော်။ စိတ်ဆိုးစရာ မပါတာ ဘယ်လိုလုပ် သိမလဲ။ ကဲ ပြောစမ်း။ စိတ်ဆိုးစရာ မပါတာ။ သာဓက လိုသေးတာ။ သာဓက လိုသေးတာ စဉ်းစားဖို့ မကောင်းလား။

ကဲ ကုလား တစ်ယောက် အိန္ဒိယက ရောက်ကာစ ဗမာလို နားမလည်ဘူး။ ဟေ့ မဟုတ်ကာမှ နေကွဲ့။ ဒီကုလားဟာ ကြည့်။ ဖအေက ခွေး ၊ မအေက လူဖြစ်မှာ။ လူနဲ့ ခွေးနဲ့ စပ်မွေးတယ်။ အဲလို ပြောကြည့် အဲဒီ ကုလား မကြားဖူးလား။ ကြားမလား။ ကြားတယ်။ စိတ်ဆိုးမလား။ အသံထဲမှာ စိတ်ဆိုးစရာ ပါရဲ့လား။ စိတ်ဆိုးစရာ မပါဘူးကွဲ့။ စိတ်ဆိုးစရာ မပါဘူး။ ပါရဲ့လား။ ပါဘူး။ စိတ်ဆိုး စရာ မပါဘူး။ ကဲ ဘယ်လောက်များ ထင်ရှားသလဲနော်။ စဉ်းစားဖို့ မကောင်းလား။

ကဲ တခါ ကုလားကလည်း ဗမာလို အဲလို ပြောတတ်ပြီ။ ကြားလား။ ပြောတဲ့အခါ ကုလား လို ပြောတာ ။ သူပြောတာ ဗမာက မကြားဘူးလား။ ကြား စိတ်ဆိုးရဲ့လား။ ဆိုးဘူးကွဲ့။ စဉ်းစား။ အသံ ထဲမှာ မပါဘူးနော်။ အဲလို စိစစ်ဖို့ မကောင်းလား။ ကုလားက တစ်နှစ်လောက် ကြာတော့ ဗမာလိုတွေ နားလည်လာတော့တာ ကိုး။ အင်း လည်တဲ့ အခါကျတော့ ငါ့ကို ဒီလိုပြောတာ မခံနိုင်ဘူး။ အဲ ... အဲဒါ သူ ကိုယ်တိုင် ကြားတာလား။ တဆင့် သူများပြောလို့ စိတ်ဆိုးတာလား။ သူများ ပြောလို့ စိတ်ဆိုးတာ။

အဲဒါ ဘယ်ပေါ်မှာလဲ။ စဉ်းစားဖို့ မကောင်းလား။ အသံ ရူပက္ခန္ဓာ ပေါ်မှာ နလုံးသွင်း မှားတာဗျား။ နလုံးသွင်း မှားတာ အဝိဇ္ဇာ လို့ မပြောဘူးလား။ နလုံးသွင်း မှားတော့ ဝိပလ္လာသ အနေနဲ့ ငါ့ကို အယုတ္တ အနတ္တ ဖြစ်အောင် ပြောရမလားလို့ အမှတ် မမှားလား။ ဆဲတယ်လို့ အမှတ်မှားတာ

သညာဝိပလ္လာသ။ အမှတ်မှားတော့ ဆဲတယ်လို့ အသိမမှားလား။ စိတ္တဝိပလ္လာသ။ ဆဲတယ်လို့ အမြင်အယူအဆ မမှားလား။ ဒိဋ္ဌိဝိပလ္လာသ ။ အဲကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်တာဗျား။ စဉ်းစားဖို့ မကောင်းလား။ ကဲ ကြားပြီး… ကြားတဲ့ အခါ သတိပြု…ပြုတဲ့အခါ အသံ။ အသံလို့ဆို နှလုံးသွင်း မမှန်လား။ အသံလို့ ကြားသိတာလေးက လူလား။ နာမ်တရား။ ကြားသိစိတ်လေးနော်။

ကဲ နာမ် ရုပ် နှစ်ပါးပေါ့။ ကြားပြီးရင် မပျက်လား။ သိပြီးရင် မပျက်လား။ နာမ် ရုပ်တွေ့သလား မရှိတာ တွေ့သလား။ မရှိတာ အနိစ္စ သိတာ မဂ္ဂ လို့ မဟောဘူးလား။ ဒါ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ။ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ။ အနတ္တလက္ခဏာ ဒုက္ခသစ္စာ။ အဲလို သိတော့ကာ လူချမ်းသာ တွေ့သလား ဒုက္ခသစ္စာ။ နတ်ချမ်းသာ တွေ့သလား ဒုက္ခသစ္စာ။ ဗြဟ္မာချမ်းသာ တွေ့သလား ဒုက္ခ သစ္စာ။ ကဲ အဲလို သိတာ သမ္မာဒိဋ္ဌိလို့ ဟော မဟော။ ဟောရင် နှလုံးသွင်းမှားတဲ့ မိစ္ဆာဒိဋ္ဌိ မချုပ်လား။ ချုပ်ရင် အဝိဇ္ဇာ ချုပ်ပြီ။ ချုပ်ရင် တဏှာ လာသေးရဲ့လား။ ဉပါဒါန် လာသေးရဲ့လား။ အာသဝ အနေနဲ့ ကာမာသဝနဲ့ ဘဝါသဝ မချုပ်လား။ နာမ်ရုပ်ကို သိတုန်းက ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ မချုပ်လား။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ သိတော့ ကာမာသဝနဲ့ ဘဝါသဝ ချုပ်တယ်။ အာသဝေါတရား လေးပါး မကုန်လား။ ကုန်ရင် သမုဒယ သစ္စာမသေလား။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓသစ္စာ လို့ မဟောလား။ အဲဒါကြောင့် ကြားတိုင်း ကြားတိုင်း နိဗ္ဗာန် တဒိုင်းဒိုင်းလို့ မဟောလားဟဲ့။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။ သိတာက (မဂ္ဂသစ္စာပါဘုရား)။ သေတာက (သမုဒယသစ္စာ ပါဘုရား)။ နောက်ခန္ဓာမလာတာက (နိရောဓသစ္စာ ပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက်ပါဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား)။ ငါးလေးလီ (နှစ်ဆယ်)။ ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)။

(သာဓု သာဓု သာဓု)။

………………………………………………………………………………………………………

ဩဝါဒ။ ။ စာအုပ်ကို ကြည့်ကြ။ စာအုပ် ကြည့်ကြ။ အခု ဒကာတို့ ပြောတဲ့ ဆိုတဲ့ထဲမှာ အကွက် မကျဘူး။ ပြောပုံ။